# အနိုင်ကျင့် ဗိုလ်ကျခြင်းနှင့် အထူးလိုအပ်ချက်များရှိသည့် လူငယ်များ

*အနိုင်ကျင့် ဗိုလ်ကျခြင်းကို ဘယ်လို သိနိုင်မလည်း။*

**အနိုင်ကျင့် ဗိုလ်ကျခြင်း**

- ထိခိုက်နစ်နာခြင်းဖြစ်စေရန် ရည်ရွယ်သည့် ကြမ်းတမ်းသည့်အပြုအမူပုံစံတစ်ခု ဖြစ်သည်။
- အမြဲလိုလို အကြိမ်ကြိမ်အဖန်ဖန် ဖြစ်သည်။
- တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း နှစ်ခုလုံးဖြစ်နိုင်သည်။
- အနိုင်ကျင့်သူတစ်ယောက်နှင့် ပစ်မှတ်(အနိုင်ကျင့်ခံရသူ) သည် တူညီသော အင်အားမရှိပါ။

**အနိုင်ကျင့်ဗိုလ်ကျသည့် ပုံစံများ**

- **ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်း** (ရိုက်ခြင်း၊ ကန်ခြင်း၊ တွန်းထုတ်ခြင်း)
- **နှုတ်အားဖြင့်အနိုင်ကျင့်ခြင်း** (စော်ကားပုပ်ခတ်သော ဝေဖန်မှုများ၊ နာမည်ခေါ်ခြင်း၊ ခြိမ်းခြောက်မှုများ)
- **ပတ်သက်ဆက်နွယ်မှုအရ အနိုင်ကျင့်ခြင်း** (တိုက်ခိုက်သူများအုပ်စု၊ ကောလဟာလများဖြန့်ခြင်း၊ အတင်းအဖျင်း ပြောခြင်း၊ ဖယ်ထုတ်ခြင်း သို့မဟုတ် ပစ်ပယ်ခံရခြင်း)
- **ဆိုက်ဘာအနိုင်ကျင့်ခြင်း** (ဆိုရှယ်မီဒီယာ၊ ဆဲလ်ဖုန်းများနှင့် အီးမေးလ်တို့မှတဆင့် ထိခိုက်နစ်နာခြင်းကို ဖြစ်စေသည်)

**သင်သိခဲ့ပါသလား။**

- နှစ်စဉ် ကျောင်းသား ၃.၂ သန်းကျော်သည် အနိုင်ကျင့်ဗိုလ်ကျခြင်း၏ သားကောင်များဖြစ်ကြရသည်။
- အနိုင်ကျင့်ဗိုလ်ကျခြင်းသည် ကလေးငယ်များ ကျောင်းပြေးခြင်း သို့မဟုတ် ကျောင်းထွက်ခြင်းအတွက် မကြာခဏတွေ့ရသည့် အကြောင်းပြချက် တစ်ခုဖြစ်သည်။
- ကျောင်းသား အားလုံးအတွက် ဂုဏ်သိက္ခာဆိုင်ရာ အက်ဥပဒေ (DASA) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းရေးမှူးတစ်ယောက် ခရိုင်ကျောင်းတိုင်းတွင် ရှိပါသည်။
- အနိုင်ကျင့်ခံရသည့်လူငယ်များသည် စိတ်အားငယ်ခြင်း၊ အထီးကျန်ခြင်း နှင့်/သို့မဟုတ် စိုးရိမ်ကြောင့်ကြခြင်းတို့ ပို၍ ဖြစ်ပေါ်နိုင်ပါသည်။

**အထူးလိုအပ်ချက်များရှိသည့်သူများ ရင်ဆိုင်ရသည့် အနိုင်ကျင်ဗိုလ်ကျခြင်း၏ နောက်ထပ်ပုံစံများ**

- **ကြိုးကိုင်ခြယ်လှယ်၍ အနိုင်ကျင့်ခြင်း** (တစ်စုံတစ်ခုကို စည်းရုံးပြောဆို၍ အခြားသူတစ်ဦးက ထိန်းချုပ်ခြင်း)
- **အခြေအနေအရ အနိုင်ကျင့်ခြင်း** (မှားယွင်းသော ခင်မင်ရင်းနှီးမှု)
- **အမြတ်ထုတ် အနိုင်ကျင့်ခြင်း** (လူတစ်ဦး၏ အခက်အခဲစိန်ခေါ်မှုများကို အနိုင်ကျင့်မှုအစိတ်အပိုင်းအနေဖြင့် အသုံးပြုခြင်း)

ခွဲခြားဆက်ဆံမှုနှင့် စော်ကားနှောက်ယှက်မှု ကင်းစင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးရာတွင် ကျောင်းများကို ပံ့ပိုးပေးသည့် ကျောင်းသားအားလုံးအတွက် ဂုဏ်သိက္ခာဆိုင်ရာ အက်ဥပဒေ(DASA) ဟုခေါ်သော ဥပဒေတစ်ခု ရှိပါသည်။

အနိုင်ကျင့်ဗိုလ်ကျခြင်း အမျိုးစားတိုင်းသည် အကြမ်းဖက်မှုပုံစံတစ်မျိုးဖြစ်ပြီး ၎င်းကိုခွင့်မပြုသင့်ပါ။ ကျောင်းသားများအတွက် (မသန်စွမ်းကလေးငယ်များအတွက်) သီးသန့်ဖော်ဆောင်ထားသည့် ပညာရေးအစီအစဉ် (IEP) အတွင်း အနိုင်ကျင့်ဗိုလ်ကျခြင်းနှင့် လူမှုရေးရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးကို မိဘများနှင့် ပညာသင်ပေးသူများသည် အတူတကွ ဖြေရှင်းဆောင်ရွက်သင့်ပါသည်။

*အနိုင်ကျင့် ဗိုလ်ကျခြင်းနှင့်ပတ်သက်၍ သင် ဘာလုပ်နိုင်ပါသနည်း။*

# အနိုင်ကျင့် ဗိုလ်ကျခြင်းနှင့် အထူးလိုအပ်ချက်များရှိသည့် လူငယ်များ

**မိဘများ ဘာလုပ်သင့်သနည်း။**

- သိရှိနားလည်နေခြင်း နှင့် အကူအညီ တောင်းခံခြင်းအားဖြင့် သင့်ကလေး၏ ထောက်ခံအားပေးသူဖြစ်ပါစေ။
- သင်၏ ခရိုင်ကျောင်းရှိ ကျောင်းသားအားလုံးအတွက် ဂုဏ်သိက္ခာဆိုင်ရာ အက်ဥပဒေ (DASA) ညှိနှိုင်းရေးမှူးနှင့် ဆက်သွယ်ပါ။
- သင့်ကလေးအပေါ် အာရုံစိုက်ထားပါ။
- သင့်ကလေးကို ပံ့ပိုးကူညီပါ (သင့်ကလေးကို အပြစ်တင်ပြောဆိုခြင်းမပြုပါနဲ့ သို့မဟုတ် ပြဿနာကို လစ်လျူရှုထားပါ)
- ဘာဖြစ်ခဲ့တယ်ဆိုတဲ့အကြောင်းကို ပြောပြရန် သင့်ကလေးကို တိုက်တွန်းအားပေးပါ။
- သင့်ကလေး ဘယ်လိုလုပ်နေလဲဆိုတာကို ဂရုတစိုက် စောင့်ကြည့်နေပါ။ (လုံခြုံရေး၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး နှင့် ကျောင်းတွင်း စွမ်းဆောင်မှု)

**ပညာသင်** ***ပေးသူများ*** **ဘာလုပ်သင့်သနည်း။**

- ကျောင်းသားအားလုံးအတွက် လိုလိုလားလားရှိပြီး လုံခြုံတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးပါ။
- စာသင်ခန်းအတွင်း အောက်ပါအခွင့်အရေးများကို အသုံးပြုပါ–
  - အနိုင်ကျင့်ဗိုလ်ကျခြင်း ပုံစံများအကြောင်းကို သင်ကြားပေးပါ။
  - ဘယ်လိုအကူအညီရယူရမည်ကို ဆွေးနွေးပေးပါ။
  - ကောင်းမွန်သည့် ဆက်ဆံရေးကို မြှင့်တင်ပေးပါ။
  - မစွမ်းဆောင်နိုင်မှုများနှင့် စွမ်းဆောင်နိုင်မှုများအကြောင်း သင်ကြားပေးပါ။
- မသန်စွမ်းမှုအပါအဝင် မတူကွဲပြားမှုကို တန်ဖိုးထားသည့် ပညာရေး သို့မဟုတ် ညွှန်ကြားချက်နှင့် အရင်းအမြစ်များကို ပံ့ပိုး ပေးပါ။
- အနိုင်ကျင့်မှု ဆန့်ကျင်ရေး အစီအစဉ်များတွင် အထူးလိုအပ်ချက်များရှိသည့် လူငယ်များပါဝင်ရန် ပြုပြင်မွမ်းမံပါ။
- ကျောင်းတွင်း အနိုင်ကျင့်မှု ဆန့်ကျင်ရေး မူဝါဒများ ရှိသည့် ကျောင်းနှင့် စာသင်ခန်းဖြစ်အောင် ဖန်တီးပါ။

*အကိုးအကားများနှင့် အချက်အလက်အား ထောက်ပံ့ပေးခဲ့သည်*

*-gse.buff alo.edu/alberticenter*
*-dosomething.org*
*-pacer.org*

PARENT NETWORK OF WESTERN NEW YORK
www.parentnetworkwny.org
info@parentnetworkwny.org
716.332.4170

IDEAs that Work
U.S. Office of Special Education Programs

ဤစာရွက်စာတမ်း၏ မာတိကာ (ပါဝင်သည့်အကြောင်းအရာများ)ကို အမေရိကန်နိုင်ငံ ပညာရေးဌာနမှ ထောက်ပံ့ကြေး တစ်ခုအရ ဆောင်ရွက်ခဲ့သည်။ #H325160003. သို့သော်လည်း ဤပါဝင်သည့်အကြောင်းအရာများသည် အမေရိကန်နိုင်ငံ ပညာရေးဌာန၏ မူဝါဒကို သေချာပေါက် ကိုယ်စားမပြုပါ။ ထို့အပြင် သင့်အနေဖြင့် ဗဟိုအစိုးရ အတည်ပြုချက်ဖြစ်သည်ဟု မယူဆသင့်ပါ။ စီမံကိန်းအရာရှိ Carmen Sanchez။